မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နေပြည်တော် - တောင်ညို - မြို့သစ် - ကန်ပြား(မကွေး) ကားလမ်းသစ်အား ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် မိုင်တိုင်အမှတ် (၁၂/၀)မှ (၁၇/၄)အထိ (၅/၄)မိုင်အား လေးလမ်းသွားကတ္တရာလမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ကျွဲရှင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ ကျွဲရှင်းတံတား ချဉ်းကပ်လမ်း ကျောက်ခင်းနေမှုနှင့် တံတားအချောသပ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရိုးမဖြတ်ကျော်လမ်း၏ ဆဋ္ဌမလမ်းဖြစ်သော နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်းသစ် မိုင်တိုင်အမှတ် (၀/၀)မှ (၃/၀)အထိ အထူးစီမံကိန်းကြီးအဖွဲ့(၁)က စက်ယန္တရားဖြင့် ကျောက်ခင်းနေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၂/၆)နှင့် (၂/၇)ကြားတွင် လမ်းသုတေသနက လမ်းအောက်ခံမြေ၏ သိပ်သည်းမှုစမ်းသပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာမှထွက်ရှိသော ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များကို ဈေးကွက်သို့ တင်ပို့နိုင်ရန် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေသည်ကို ဤသို့ တွေ့ရသည်။

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာမှ

ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များ ဈေးကွက်သို့ လှိုင်လှိုင်တင်ပို့

သတင်းခရီးသည် မြင့်မောင်စိုး
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၇

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဘေး သူဌေးကုန်းကျေးရွာ၌ ကုန်စိမ်းလှည်းများ၊ ကုန်စိမ်းတင်မော်တော်ကားကြီးများဖြင့် အထူးစည်ကားလှ၏။

ဤသူဌေးကုန်းကျေးရွာသည်ကား နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်လာဥ အစရှိသဖြင့် ကုန်စိမ်းများ ရောင်းဝယ်ရာ၊ အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချရာ စုရပ်နေရာဖြစ်သည်။ ထိုကျေးရွာတွင် ကုန်စိမ်းကားကြီးများ စောင့်ဆိုင်းနေကြပြီး အဆိုပါကုန်စိမ်းတင်ကားကြီးများပေါ်သို့တင်ရန် ကုန်စိမ်းလှည်းတန်းများ စုဝေးရောက်ရှိလာလေ့ရှိသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ✳

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာအနီးရှိ တောင်သူ ဦးကြည်ရှိန်၏ အောင်မြင်ဖြစ်ထွန်းနေသော ပန်းဂေါ်ဖီစိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက်)

မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းကာကွယ်

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးအား ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိရာ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို ဆယ်စုနှစ်များစွာကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ကိုလိုနီနယ်ချဲ့များသည် ဘိန်းလုပ်ငန်းဖြင့် စီးပွားရှာခြင်းကို အာရှတွင် စီးပွားရေး နယ်ချဲ့အခြေချစဉ်ကတည်းက လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ရှေးမြန်မာမင်းများလက်ထက်ကတည်းကပင် ဘိန်းဘင်းကစော်၊ လှော်စာ၊ အရက်သုံးစွဲခြင်းကို အမိန့်ပြဋ္ဌာန်းချက်များ ထုတ်ပြန်၍ တားမြစ်ခဲ့သည်။

သိပ္ပံနှင့်နည်းပညာများထွန်းကားလာသော အနောက်နိုင်ငံအချို့မှ မူးယစ်ဆေးဝါးထုတ်လုပ်သည့် နည်းစနစ်များ၊ ပစ္စည်းကိရိယာများသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပျံ့နှံ့ရာမှ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ ကျယ်ပြန့်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဘိန်းအပါအဝင် မူးယစ်ဆေးဝါးများ စိုက်ပျိုးခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်း လျော့ပါးစေရေးအတွက် ဘိန်းအစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မူးယစ်ဆေးဝါးသုံးစွဲမှု၏ ဆိုးကျိုးများကို လူငယ်လူရွယ်များ သိရှိနိုင်ရေးအတွက် ပညာပေးပြပွဲများ၊ ပြိုင်ပွဲများပြုလုပ်၍ လမ်းမှားမရောက်ရှိရေးကို စည်းရုံးဆောင်ရွက်လျက်ရှိသည်။ ယနေ့လူငယ်များသည် အနာဂတ်၏ မျိုးဆက်သစ်လေးများဖြစ်သည်။ နိုင်ငံတော်ကို ဦးဆောင်မည့်သူများဖြစ်သည့်အလျောက် အသိပညာများတတ်မြောက်ကြပြီး ကျန်းမာသန်စွမ်း ဉာဏ်ရည်ထက်မြက်သူများ ဖြစ်နေရမည်ဖြစ်သည်။

ဘိန်းခင်းများရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀-၂၀၁၁ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၁၃ရက်အထိ ဘိန်းခင်း ၅၇၄၅ ဒသမ ၀၃ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။ ဒီဇင်ဘာ ၁၄ရက်မှ ၂၀ရက်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဘိန်းခင်း ၁၅၆၄ ဒသမ ၉ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ၇၃၀၉ ဒသမ ၉၃ ဧက ဖျက်ဆီးနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများအား ဒေသနှင့် ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ လူသားမျိုးနွယ်တစ်ရပ်လုံးအား အန္တရာယ်ပြုလျက်ရှိသည့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းလက်တွဲပါဝင် တားဆီးသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ငါးသိုင်းချောင်းအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း၌ ဂုဏ်ထူးတစ်ဘာသာနှင့်အထက်ရရှိသူ အသင်းဝင်သားသမီးများနှင့် အသက် ၈၀နှင့်အထက် ဘိုးဘွားများ၏ အမည်စာရင်းများကို ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် ဆုချီးမြှင့်လိုသူနှင့်လှူဒါန်းလိုသူများ အသင်းရုံး ဖုန်း-၅၂၃၁၃၅၊ ဦးအောင်ကြည် ဖုန်း-၃၈၁၉၄၇၊ ဦးစိုးမြင့် ဖုန်း-၅၄၃၂၈၅နှင့် ဦးမျိုးမြင့် ဖုန်း-၅၁၈၃၂၇ တို့ထံသို့ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး ကျောက်တော်မြို့၌ စံကွက်ရိတ်သိမ်း

ကျောက်တော် ဇန်နဝါရီ ၇

မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၁ရက် နံနက် ၁၁နာရီက ကျောက်တော်မြို့နယ် ဘုရားပေါင်းကျေးရွာအုပ်စု ပုဏ္ဏားကျေးရွာ ကွင်းအမှတ်(၇၁၆-က)၊ ဦးပိုင်အမှတ်(၅၄) တောင်သူ ဦးသန်းဝင်းချေ၏လယ်မြေ ၁၅ ဒသမ ၂၀ဧက၌ ကျင်းပရာ မနော သုခစပါးမျိုး မိုးစပါးကို ရိတ်သိမ်းခဲ့ကြသည်။ (အပေါ်ပုံ) ထိုသို့ရိတ်သိမ်းရာတွင် ခြောက်သွေ့ပြီး စပါးတစ်ဧက အထွက်နှုန်း ၈၁ ဒသမ ၀၄တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သီဟ၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးခင်မောင်ဆန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်ထွန်းမြ၊ မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစောလှမောင်နှင့် မြေစာရင်းဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့)

ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကရုပ္ပိကျေးရွာအဝင် လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂ရက်က အမှုဆောင်အရာရှိ ဦးမြင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးရန်နိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒီပါဝလီပွဲတော်နှင့် ကောက်သစ်စားပွဲတော် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၇

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်) ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ကြီးမှူးကျင်းပသည့် ဒီပါဝလီပွဲတော်နှင့် ကောက်သစ်စားပွဲတော် အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၅ရက် ညပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း တက်ရောက်သည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် နီပေါနိုင်ငံ သံအမတ်ကြီး၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး သတ်မှတ်နေရာများ၌ ဆီမီးထွန်းညှိပေးကြသည်။ ဆက်လက်၍ တာဝန်ရှိသူများက ကောက်သစ်စားပွဲတော် အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အသီးသီးရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွံ့တေး၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ် ဝက်ချောင်းကျေးရွာအုပ်စု အုန်းပင်ချောင်းကျေးရွာ ရွှေအုန်းပင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၁၀နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစောတာမလာတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ (အပေါ်ပုံ)

ထို့နောက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်၁၅၀နှင့် ရေဒီယို တစ်လုံး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က သတင်းစာခြောက်လစာစောင်ရေ ၁၈၀နှင့် ဒို့ကျေးရွာစာစောင် ခြောက်လစာ ၁၂စောင်၊ တွံ့တေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၁၀၀၀၀နှင့် စာအုပ် စာစောင်၅၀၊ ဦးအေးသိန်း-ဒေါ်ဝင်း မိသားစုက စာအုပ် စာစောင် ၂၀၀၊ မြောင်းမြမြို့ မှ ဦးစံဂုတ် မိသားစုက စာအုပ် စာစောင် ၂၅၀၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစောတာမလာက စာကြည့်တိုက်ရန်ပုံငွေ ငွေကျပ် ၅၀၀၀၀နှင့် စာကြည့်တိုက်အတွက် စားပွဲ၊ ကုလားထိုင်တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ စာကြည့်တိုက်အဆောက်အအုံ အမျိုးအစားမှာ အုတ်ညှပ်၊ သွပ်မိုးအမျိုးအစားဖြစ်ပြီး မြေအလှူရှင် ဦးဝင်းချစ်မိသားစုမှ ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုံနှိပ်ထုတ်ဝေသူများ နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းများအသင်း (MPPA)၏ နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် အမှတ် ၂၉ မင်းရဲကျော်စွာလမ်း (ယခင်စိန်ဂျွန်းလမ်း) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ အားလုံး တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြူးမြို့ အထက(၂) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ဖြူး ဇန်နဝါရီ ၇

ဖြူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ယခင်အုတ်ဖြတ်လမ်း အလယ်တန်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၂) အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါက်တာခင်မောင်မြင့်ကျော် ဖုန်း-၀၅၄-၄၀၃၇၆၊ ဦးကြည်ထွေး ဖုန်း-၀၅၄-၄၀၁၃၄၊ ဦးမင်းစိုး ဖုန်း-၀၉-၅၁၂၆၇၆၆၊ ဦးမြင့်သိန်း ဖုန်း-၀၁-၆၆၁၀၄၈၊ ၀၉-၅၀၃၄၀၇၀နှင့် ဒေါ်ယုယု ဖုန်း-၀၁-၅၁၃၄၈၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပညာရိပ်မွန်စာကြည့်တိုက် ရသေ့တောင်၌ဖွင့်

ရသေ့တောင် ဇန်နဝါရီ ၇

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ခွဆုံကျေးရွာရှိ ပညာရိပ်မွန်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ရက် ညနေ ၃ နာရီက စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ အလှူရှင်များကိုယ်စား မတည်ငွေအလှူရှင် ဦးကျော်မင်းခိုင် (မြန်မာ့စည်းစိမ်ကုမ္ပဏီလီမိတက်)ရန်ကုန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဦးလှမြင့် (ရခိုင်သားကြီးစာပေ၊ ရန်ကုန်) မိသားစုများနှင့် ကျေးရွာစေတနာရှင်များက စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူရန် ငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရင်က လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေ တာချီလိတ်လေဆိပ်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေသည် ဇန်နဝါရီ ၅ရက် နံနက် ၈နာရီခွဲက တာချီလိတ်လေဆိပ်သို့ရောက်ရှိရာ ရှေးဦးစွာ ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လေယာဉ်ကွင်းပုံထုတ်လုပ်ရေးနှင့်တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးကျော်စိုးက လေယာဉ်ကွင်း ဖောက်လုပ်မှုလုပ်ငန်းဆိုင်ရာများဖြစ်သည့် နိုင်လွန်ကတ္တရာခင်းခြင်း၊ ရေနုတ်မြောင်း ပြုပြင်ခြင်း၊ ထပ်ပိုးလွှာတင်ခြင်း၊ လေယာဉ်ရပ်နားရန်နေရာနှင့် ညအချိန်ဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းအချက်ပြမီး တပ်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။ ထို့နောက် ဝန်ကြီးသည် ခရီးသည် ဝင်၊ ထွက် စစ်ဆေးမှုအခြေအနေများ၊ လေယာဉ်ပြေးလမ်း**(အပေါ်ပုံ)**နှင့် ပြေးလမ်းမီးတပ်ဆင်ထားမှုအခြေအနေများ၊ ပြေးလမ်းထပ်မံတိုးချဲ့ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်ရာနေထိုင်မှုနှင့် ပရိဘောဂပြပွဲတွင် မြန်မာ့လက်မှုအနုပညာပြခန်း ပါဝင်ပြသခဲ့

ရန်ကုန် ဇန်နဝါရီ ၇

Smart Business Group က ကြီးမှူးကျင်းပသည့် အိမ်ရာနေထိုင်မှုနှင့်ပရိဘောဂပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ခင်းကျင်း ပြသခဲ့ရာ ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှု အနုပညာပြခန်းလည်း ပါဝင်ပြသခဲ့သည်။ **(ယာပုံ)**

ပြပွဲတွင် သစ်ထွင်း ပန်းချီကားများမှာ အသေးဆုံး ၁ ဒသမ ၅ပေ× ၁ပေမှ ၈ပေ×၄ပေ အရွယ်အထိ အရွယ်အစားမျိုးစုံ ပြသခဲ့ပြီး ပန်းချီကားများ၏တန်ဖိုးမှာ ငွေကျပ် တစ်သိန်းမှ ငွေကျပ် ၅၅သိန်းအထိ တန်ဖိုးရှိသည်။ ယင်းသစ်ထွင်း ပန်းချီကားများကို ဟိုတယ်၊ မိုတယ်၊ နေအိမ်၊ ဘဏ်၊ အဆောက်အအုံ၊ သာသနာ့ ဗိမာန်တော်နှင့် ဘုန်းကြီးကျောင်း စသည့် ဧည့်ခန်းမဆောင်များ၌ ထားရှိရန်နှင့် ပြည်တွင်း ပြည်ပ ဧည့်သည်တော်ကြီးများအား အမှတ်တရလက်ဆောင်ပေးရန် ဝယ်ယူကြသည်။

တီထွင်ရောင်းချ

သစ်ထွင်း ပန်းချီကားများကို ကျွန်းသစ်အပြင် ယမနေ၊ သက်န်း၊ မဟော်ဂနီ စသည့် သစ်များနှင့်လည်း ထုလုပ်သည်။ ယခင်က ထုဆစ်ခဲ့သော ပန်းချီကားများမှာ ဆေးရောင်မပါဝင်ဘဲ သစ်သားအရောင်အတိုင်း ပြုလုပ်ခဲ့ပြီး ယခုအခါ ပန်းချီ၊ ပန်းပု ပေါင်းစပ်၍ ဆေးရောင်ခြယ်ကားများကို စတင်တီထွင် ရောင်းချခဲ့သည်။

ပါဝင်

သစ်ထွင်း ပန်းချီကားများတွင် ပုဂံခေတ်ဟန်၊ ကိန္နရီမောင်နှံ၊ တောတွင်းအလှ၊ ဆင်မိသားစု၊ ရှင်လောင်းလှည့်ပွဲနှင့် အင်းလေးအလှ စသည်ဖြင့် အနုပညာပုံသဏ္ဌာန်မျိုးစုံ ပါဝင်သည်။

သစ်ထွင်း ပန်းချီကား၊သစ်ထွင်းလိုက်ကာနှင့် သစ်သား ခန်းဆီးတို့ကို ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂတိုက် အမှတ် ၁၆၆ မဟာဗန္ဓုလလမ်း ၅၃လမ်းနှင့် ၅၄လမ်းကြား ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၉၂၁၉၂၊ ၀၁-၇၀၃၈၀၃နှင့် ၀၁-၃၉၉၈၈၄ တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကတ္တရာ ထပ်ပိုးလွှာခင်း

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းခြံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၃ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



ဒီဇင်ဘာ ၂၄ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြတ်မွန်က Grade -1 မှ Grade-9 အထိ ကိုးနှစ်ဆက်တိုက် ပထမဆုရခဲ့သော မသက်ထားစိုးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ၂၀၁၀ခုနှစ် မတ်လမှ မေလအတွင်း Nearshore Soil Investigation အတွက် Soil Boring Survey ကို တိုင်းတာရေးရေယာဉ် LCT Sumber Carrier 11 ရေယာဉ်ဖြင့် BH2 နေရာ၌လည်းကောင်း၊ Jack-up Pontoon ရေယာဉ်ဖြင့် KP 228 နေရာနှင့် KP 227-228(1/3) နေရာတို့၌လည်းကောင်း ဆောင်ရွက်ခဲ့ရာ LCT Sumber Carrier 11 ရေယာဉ်မှ မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack -up Pontoon မှ ခြေထောက်များ ကျန်ခဲ့သည်။

ဖော်ပြပါ မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack -up Pontoon မှ ခြေထောက်များအား ပြန်လည်ဆယ်ယူရေးလုပ်ငန်းများကို မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် Block M-10 အတွင်းရှိ Nearshore Area ဖြစ်သော မော်ကြီးကျေးရွာအနီးတစ်ဝိုက်တွင် MV Sea Princess ရေယာဉ်ဖြင့် ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၂ရက်မှ ၃၁ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

MV Sea Princess ဖြင့် ဆယ်ယူရေးလုပ်ငန်းဆောင်ရွက်မည့်တည်နေရာများမှာ အမှတ် A, Point KP 228 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁မိနစ် ၅၆ဒသမ၁၀၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ၅၅မိနစ် ၁၅ဒသမ၄၆၄စက္ကန့်၊ အမှတ် B,Point KP 227-228 (1/3) မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၃၁မိနစ် ၃၅ဒသမ ၀၀၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၅၅မိနစ်၁၀ ဒသမ ၄၄၀ စက္ကန့်နှင့် အမှတ် C, Point BH2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ၁၄မိနစ် ၁၂ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၁မိနစ်၃၃ဒသမ၁၆၇ စက္ကန့်တို့တွင် ဖြစ်သည်။

ကြန့်ကြာမှုမဖြစ်ပေါ်စေရေး

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် Block M-10 အတွင်းရှိ Nearshore Area ဖြစ်သော မော်ကြီးကျေးရွာအနီးတစ်ဝိုက်တွင် မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များ ပြန်လည်ဆယ်ယူခြင်းလုပ်ငန်းကို MV Sea Princess ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းကိရိယာများ၏ အထောက်အကူပြုပစ္စည်းများ သွယ်တန်းချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆာဖာရီဥယျာဉ် (နေပြည်တော်) ဖွင့်ပွဲအခမ်းအနား ကျင်းပရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လက်ရှိတည်ဆောက်ထားပြီးဖြစ်သည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ နက္ခတ်တာရာပြခန်း (နေပြည်တော်) တို့နှင့်ဆက်စပ်၍ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၏အနီးတွင် နိုင်ငံတကာအဆင့်မီ ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ပြီးစီးတော့မည်ဖြစ်ပြီး မကြာမီကာလအတွင်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်

ဆာဖာရီဥယျာဉ် (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲအခမ်းအနားကျင်းပရေးဗဟိုကော်မတီ (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ယနေ့နံနက် ၉နာရီက ကျင်းပရာ ဖွင့်ပွဲအခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ဖွင့်ပွဲအခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တွဲဖက်အတွင်းရေးမှူးတို့က ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အမ်အာရ်တီ တည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ဆာဖာရီဥယျာဉ် (နေပြည်တော်) တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထည့်သွင်းပြသ

ဆာဖာရီဥယျာဉ် (နေပြည်တော်) တွင် အာဖရိက၊ ဩစတြေးလျနှင့် အာရှတို့မှ ရှားပါးတိရစ္ဆာန်များ စုံလင်စွာ ထည့်သွင်းပြသသွားမည်ဖြစ်ပြီး ယခင်တည်ဆောက်ထားပြီးဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်း (နေပြည်တော်)တို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ဆောက်ထားခြင်းဖြစ်သဖြင့် အများပြည်သူ အပန်းဖြေ အနားယူရန်အတွက် သာမက အချိန်တိုအတွင်းလေ့လာကြည့်ရှုဖွယ်စုံလင်သော ဇုန်နယ်မြေတစ်ခုလည်းဖြစ်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၇-၁-၂၀၁၁

ပူတာအိုမြို့
၃ ဒီဂရီစင်တီဂရိတ်
မချမ်းဘောမြို့
၄ ဒီဂရီစင်တီဂရိတ်
ကသာမြို့
၅ ဒီဂရီစင်တီဂရိတ်

◆ ကျောဖုံးမှ

တစ်ဖန် နယ်မြို့များအပြင် ပြည်ပနိုင်ငံများသို့ ဖုန်းခေါ်ဆိုရန်အတွက် ကုတ်နံပါတ်များကိုပါစုံလင်စွာ ထည့်သွင်းပေးထားသည်။ အမြဲအသုံးပြုသော ဖုန်းနံပါတ်များကိုလည်း သီးခြားသတ်မှတ်နိုင်သည့်အပြင် လုပ်ဆောင်ချက်တိုင်းကို အောက်ခံအနက်ရောင်များဖြင့် ခွဲခြားထားရာ လက်ကိုင်ဖုန်းဖန်သားပြင်ပေါ်တွင် ထင်ရှားစွာမြင်တွေ့နိုင်သဖြင့် ချက်ချင်းသိရှိနိုင်သည်။ ခေတ်မီအိုင်စီတီနည်းပညာအစွမ်းဖြင့် အသုံးပြုသူများအတွက် အချိန်ကုန်သက်သာပြီး လွယ်ကူစွာ အသုံးပြုနိုင်သည်။ ၄င်းကို အခမဲ့သုံးစွဲနိုင်သည်ဖြစ်ရာ လက်ကိုင်ဖုန်းသုံးစွဲသူများအတွက် ဝမ်းသာစရာပင်ဖြစ်သည်။

မြန်မာစာဖြင့် ရေးသားထားသည်ဖြစ်ရာ အသုံးပြုသူများအတွက် မိမိလက်ကိုင်ဖုန်းဖန်သားပြင်ပေါ်၌ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ အစားအသောက်နှင့် ဧည့်ခံကျွေးမွေးရန်ဆိုင်များ၊ ဟိုတယ်နှင့်တည်းခိုရန်နေရာများ၊ ခရီးသွားလုပ်ငန်းနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ဆေးရုံနှင့်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ ဘဏ်နှင့် ငွေကြေးဌာနများ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အလှဆင်လုပ်ငန်းများ၊ ဈေးနှင့် ဈေးဝယ်စင်တာများ၊ အလှအပဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ စသည့်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည့်အပြင် သီးသန့်ကဏ္ဍတစ်ခုစီအလိုက် တယ်လီဖုန်းနံပါတ်များကိုပါ စုစည်းဖော်ပြထားသဖြင့် အချိန်တိုအတွင်း လွယ်ကူစွာဆက်သွယ်နိုင်မည်ဖြစ်သည်။

ရှာဖွေဆက်သွယ်နိုင်

နိုင်ငံခြား ခရီးစဉ်တစ်ခုအတွက် စုံစမ်းလိုပါက မိမိလက်ကိုင်ဖုန်း၌ပင် ခရီးသွားလုပ်ငန်းကဏ္ဍခွဲတွင် ဝင်ရောက်ရှာဖွေကြည့်ရှု ဆက်သွယ်နိုင်သည်။ ရုပ်ရှင်လက်မှတ်မှာသည်မှအစ အိမ်အရောက် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများကို ဆက်သွယ်ရန် ၄င်းဆော့ဖ်ဝဲလ်ထည့်သွင်းထားပါက စက္ကန့်ပိုင်းအတွင်း ရှာဖွေဆက်သွယ်နိုင်သဖြင့် ကောင်းမွန်သည့် စနစ်တစ်ခုပင်ဖြစ်သည်။

လက်ကိုင်ဖုန်းသုံးစွဲသူတိုင်း ခေတ်မီနည်းစနစ်တစ်ခုဖြစ်သည့် Sm3 မိုဘိုင်းလ် အာဘီဓာန်ကို ငွေကြေးပေးစရာမလိုဘဲ အခမဲ့သုံးစွဲနိုင်သည်ဖြစ်ရာ သတင်းအချက်အလက်များ ပြည့်စုံမှုရှိနေသည့် လက်ကိုင်ဖုန်းတစ်လုံးကို ပြည်သူများ အဆင့်အတန်းမြင့်စွာ သုံးစွဲနိုင်ပြီဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ် ဆရာကန်တော့ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ် ကျောင်းဆင်းမောင်နှမများ၏ ပဉ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲကို မတ်လအတွင်း ကျင်းပမည်ဖြစ်ရာ ဆရာကန်တော့ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကျောင်းဆင်းမောင်နှမများ တွေ့ဆုံစည်းဝေးပွဲကို ဇန်နဝါရီ ၁၆ရက် မွန်းတည့် ၁၂နာရီတွင် အမက (၁၅) အင်းစိန်၌ ကျင်းပမည်ဖြစ်၍ ကျောင်းဆင်းမောင်နှမများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(သတင်းစဉ်)**

မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

စိန့်မေရီ ဒိုင်အိုစီဇင်မိန်းကလေး အထက်တန်းကျောင်းတွင် ၁၉၄၇-၁၉၆၅ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသောကျောင်းသူများနှင့် တတိယတန်းအထိ တက်ရောက်ခဲ့ကြသော ကျောင်းသား (အမျိုးသား)များသည် ဇန်နဝါရီ ၁၅ရက်(စနေနေ့) မွန်းတည့် ၁၂နာရီ၌ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ (HOLY TRINITY) ဘုရားရှိခိုးကျောင်းတွင် (၃၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ဆရာမကြီး ဒေါ်ဘာဘရာအုံး ဖုန်း-၇၁၀၂၁၀၊ ဒေါ်အဲလစ်အောင် ဖုန်း-၃၈၃၈၉၁၊ ဒေါ်ရှိစီတင်တင်လွှမ်း ဖုန်း-၃၈၂၀၁၁၊ ဒေါ်ခင်ဖြူဝင်း ဖုန်း-၆၆၆၈၇၁၊ ဒေါ်ဟယ်လင်အောင်၊ ဖုန်း-၆၆၄၅၆၆၊ ဒေါ်နန်းအိအိဇာ ဖုန်း-၃၈၃၀၂၅၊ ဒေါ်နွယ်နွယ် ဖုန်း-၂၉၂၇၁၈၊ ဒေါက်တာသိန်းမြင့်အောင် ဖုန်း-၆၆၀၂၇၃၊ ဒေါ်ဘတ်တီတင် ဖုန်း-၂၁၄၉၂၇၊ ဒေါ်လော်နာဘီးလ် ဖုန်း-၆၆၀၂၇၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

တရုတ်ကင်းလှည့်သင်္ဘောနှစ်စင်းရေချ

ကျန်တောင် ဇန်နဝါရီ ၇

တရုတ်ရေကြောင်း အာဏာပိုင်များက နိုင်ငံ၏ ရေပြင်ပိုင်နက်အတွင်း စောင့်ကြပ်ရန် ကင်းလှည့် စစ်သင်္ဘောနှစ်စင်းကို ဇန်နဝါရီ ၇ ရက်ကစတင်ပြီး ရေချလိုက်ကြောင်း တရုတ်ရေကြောင်းအရာရှိများက ပြောကြားသည်။

အလေးချိန်တန် ၁၀၀၀ရှိ ဟိုင်ကျင်း -၂၃ သင်္ဘောနှင့် အလေးချိန် တန် ၁၅၀၀ရှိသော ဟိုင်ကျင်း -၁၅အမည်ရှိ ကင်းလှည့်သင်္ဘောနှစ်စင်းသည် တရုတ်နိုင်ငံ ကျန်တောင်မြို့ ကမ်းခြေအရှေ့ဘက်ကမ်းလွန်ရေပြင်နှင့် မြောက်ပင်လယ်ရှိ တရုတ်ရေတပ်စစ်သင်္ဘောများနှင့်အတူ ကင်းလှည့်ရန် ထွက်ခွာသွားပြီ ဖြစ်သည်။ **(အောက်ပုံ)**

၄င်းကင်းလှည့်သင်္ဘောနှစ်စင်းကို တရုတ်က အမေရိကန်ဒေါ်လာ ၂၄၁သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကင်းလှည့်ရာတွင် အသုံးပြုသည့် ရဟတ်ယာဉ်ငါးစင်းကိုလည်း ကင်းလှည့်ရန် ပူးတွဲစေလွှတ်လိုက်ပြီ ဖြစ်သည်။ တရုတ်နိုင်ငံက လာမည့်ဖွန်မတိုင်မီ ကင်းလှည့် သင်္ဘောလေးစင်း ထပ်မံရေချရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

➤ ➤ ➤ မိုးမြင့်လင်းလက် စုစည်းသည် ➤ ➤ ➤

ဘရာဇီး၌ ရေလွှမ်းပြီး မြေပြို

ဆော်ပေါလို ဇန်နဝါရီ ၇

ဘရာဇီးနိုင်ငံ တစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းပြီး မြေပြိုခဲ့ရာ **(ဝဲပုံ)** နေအိမ် ၃၀၀၀၀ခန့် ရေလွှမ်းခဲ့ပြီး ဒေသခံ ၃၅ဦးကျော် သေဆုံးခဲ့ကြောင်း ဘရာဇီးအရာရှိများက ဇန်နဝါရီ ၇ ရက်၌ ပြောကြားသည်။

ဂျွန်ဒီရီမြို့တွင်လည်း ရေလွှမ်းပြီးမြေပြိုခဲ့ရာ အမျိုးသမီးနှစ်ဦး အပါအဝင် လေးဦးသေဆုံးခဲ့သည်။ ထို့အပြင် မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် နေအိမ်အချို့ ပျက်စီးခဲ့သည်။ ရေလွှမ်းမှုနှင့်မြေပြိုမှုကြောင့် ဘရာဇီး နိုင်ငံတစ်ဝန်းတွင် လူ ၂၀၅၀၀ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အိန္ဒိယအနောက်ပိုင်း၌ မောင်းသူမဲ့လေယာဉ်များဖြန့်ချမည်

နယူးဒေလီ ဇန်နဝါရီ ၇

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျရတ်ပြည်နယ်၏ ကမ်းရိုးတန်းဒေသတွင် နယ်စပ်နှင့်ရေပြင်ပိုင်နက်အတွင်းမှ ဖြတ်ကျော်လာနိုင်သည့် ရန်သူများအား ထောက်လှမ်းနိုင်ရန် အိန္ဒိယစစ်ဘက်က မောင်းသူမဲ့လေယာဉ်များကို ဖြန့်ချထားမည်ဟု ဇန်နဝါရီ ၇ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အီနက်စ် ၃၄၃နှင့် ဟီရွန်အမျိုးအစားမောင်းသူမဲ့ သူလျှိုလေယာဉ် ၁၂စင်းကို ဂူဂျရတ်ပြည်နယ် ပေါဘန်ဒါမြို့ ကမ်းခြေဒေသ၌ ဇန်နဝါရီ ၁၇ရက်တွင် ဖြန့်ချရန် စီစဉ်ထားသည်ဟု အိန္ဒိယတိုင်းမ်သတင်းစာက ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံတွင် ၂၀၀၈ခုနှစ် မွမ်ဘိုင်းတိုက်ခိုက်မှုဖြစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် အကြမ်းဖက်တိုက်ခိုက်ရေးသမားများ ဝင်ရောက်နိုင်သော ကမ်းခြေဒေသများ၌ လုံခြုံရေးတိုးမြှင့်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်အောင်မြို့၌ ဆန်စပါးလုပ်ငန်းအသင်း ဆိုင်းဘုတ်တင်

မြန်အောင် ဇန်နဝါရီ ၇

မြန်အောင်မြို့နယ်တွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း မြို့နယ်ဆိုင်းဘုတ်တင်ပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက်က မြို့နယ်အသင်းရုံးရှေ့၌ကျင်းပရာ အသင်းဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူ၊ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် မြန်အောင်မြို့နယ် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌက အသင်း၏ဖွဲ့စည်းပုံနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်သည် ဇန်နဝါရီ ၄ရက် နံနက် ၆နာရီက နေပြည်တော် မြို့မဈေးရှေ့၌ ကျင်းပသော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲတို့ကို သေနတ်ပစ်ဖောက်ကာ စတင်တာလွှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော် ဘော်လီဘောကွင်း၌ကျင်းပသော နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲတို့ကိုလည်းကောင်း၊ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲတို့ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အမှတ်စဉ်(၁၀)အထိ ပန်းဝင်ကြသူများအား ငွေသားဆုများကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် ဝန်ကြီးဌာနအသင်းများအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမျိုးသမီး လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား တံခွန်စိုက်ဆုဖလားများကိုလည်းကောင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက်ပထမရရှိကာ တံခွန်စိုက်ဒိုင်းအပိုင်ရရှိသွားသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ဂုဏ်ပြုဟောပြောပွဲ မော်လိုက်၌ကျင်းပ

မော်လိုက် ဇန်နဝါရီ ၇

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် မွန်းလွဲ ၂နာရီက မော်လိုက် အထက၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးခွာသိုင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်က လွတ်လပ်ရေးနေ့ဆိုင်ရာ သိကောင်းစရာများ၊ ခေတ်နှင့်အညီ တိုးတက်ဖို့ စာအုပ်စာပေလေ့လာစို့ ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သုံးခွမြို့နယ် ညောင်လန်းကုန်းကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အလန်းကုန်းကျေးရွာအုပ်စု ညောင်လန်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက် ၉နာရီက ယင်းကျောင်း၌ကျင်းပရာ သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း၊ သုံးခွမြို့နယ်ပညာရေးမှူး ဦးမောင်ကြယ်၊ အလန်းကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ သုံးခွမြို့နယ်ပညာရေးမှူး ဦးမောင်ကြယ်က အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ (၁၂၄)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအေးဆွေနှင့် အဖွဲ့ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ယန္တရားများကို ဒီဇင်ဘာ ၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် (Myanmar Equestrian Federation) က ကြီးမှူးကျင်းပသော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ရန်ကုန်မြင်းစီးအသင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Show Jumping (Team) ပြိုင်ပွဲတွင် သိန်းဝင်း (မြင်း-စိန်မေအောင်)၊ သန်းလှိုင် (မြင်း-စိန်ဆန်းဆင့်)နှင့် သက်နိုင်အောင် (မြင်း-စိန်စီ)တို့ပါဝင်ကြသော M.R.C Team က ပထမ၊ စန်းယုဝင်း (Y.E.C.C-မြင်း-မြနှင်းဆီ)၊ ယုယုလှိုင် (Gold Roast-မြင်း-မန္တလာသူ)၊ အငယ်လေး (Gold Roast-မြင်း-Burma Queen)တို့ ပါဝင်ကြသော အသင်းနှင့် ဘခန့် (Y.E.C.C-မြင်း-Peace)၊ ဇော်ဝေ (Y.K.K.O-မြင်း-Breen)၊သက်နိုင် (Y.C.D.C-မြင်း-အိမ)တို့ ပါဝင်ကြသော အသင်းတို့က ပူးတွဲဒုတိယရရှိသွားသည်။

Show Jumping Individual ပွဲတွင် အငယ်လေး (Gold Roast-မြင်း-မန္တလာသူ)က ပထမ၊ ဇင်မင်းဦး (Y.K.K.O-မြင်း-ပုဂံမင်းသမီး)က ဒုတိယနှင့် ဘခန့် (Y.E.C.C-မြင်း-Peace)က တတိယရရှိသွားသည်။

ဒုန်းအကြီးတန်းပြိုင်ပွဲတွင်အောင်သူထွန်း (M.R.C-မြင်း-စိန်ဆင့်)က ပထမ၊ သိန်းဝင်း (M.R.C-မြင်း-စိန်မြတ်မြတ်)က ဒုတိယနှင့် သန်းလှိုင် (M.R.C-မြင်း-စိန်မိမိ)က တတိယရရှိသွားသည်။

ဒုန်းအငယ်တန်းပြိုင်ပွဲတွင်စောမောင် (M.R.C- မြင်း-စိန်ဝင်းမောင်)က ပထမ၊ သက်နိုင်အောင် (M.R.C-မြင်း-စိန်မမ)က ဒုတိယနှင့် အငယ်လေး (Gold Roast-မြင်း-ထီလာသူ)က တတိယရရှိသွားသည်။

Barebaek ပြိုင်ပွဲတွင် ကြည်ဝင်း (ခရမ်း-Gold Roast- မြင်း-မြန်မာပြည်သား)က ပထမ၊မျိုးမြင့်လေး(မြင်း-ရွှေမင်းသား-သာကေတ)က ဒုတိယနှင့် တင်ထွန်း (Y.C.D.C-မြင်း-စိန်မေနီ)က တတိယရရှိသွားသည်။

Cross Country ပြိုင်ပွဲတွင် နေလင်း (Gold Roast-မြင်း-စွန့်စားမယ်)က ပထမ၊ အငယ်လေး (Gold Roast-မြင်း-Burma Queen)က ဒုတိယနှင့် ဇင်မင်းဦး (Y.K.K.O-မြင်း-ထိပ်ကွက်)က တတိယရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုကို အငယ်လေး (Gold Roast-မြင်း-မန္တလာသူ)က ဆွတ်ခူးသွားသည်။ ဆုများကို မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ အာဆီယံမြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

၂၀၁၀-၂၀၁၁ခုနှစ် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလား အကြီးတန်းဘောလုံးပြိုင်ပွဲနှင့် ကျောက်တလုံးကြီးဒေသ ဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇန်နဝါရီ ၄ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောက်တလုံးကြီးမြို့ရှိ နောင်ဘားကျေးရွာ ဘောလုံးကွင်း၌ ကျင်းပသည်။

ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဒဂုံဘီယာအသင်းက ဝမ်းဟဲင်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမဆုရရှိသွားသော ဒဂုံဘီယာအသင်းအား ဆုဖလား၊ တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေ၊ ဒုတိယဆုရ ဝမ်းဟဲင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများ၊ နေရာအလိုက် အကောင်းဆုံးဆုရအားကစားသမားများကို လည်းကောင်း တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ အကြီးတန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကျောက်တလုံးကြီးအသင်းက သထုံပေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် လာရောက် တာဝန်ထမ်းဆောင်ကြသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများ၊ နေရာအလိုက် အကောင်းဆုံးဆုရရှိသူများ၊ ဒုတိယဆုရ သထုံပေးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြတည်။ ယင်းနောက် ပထမဆုရ ကျောက်တလုံးကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို ဦးခွန်ဝင်းကိုကလည်းကောင်း၊ ဆုကြေးငွေကို ကမ္ဘောဇဘောလုံးအသင်းမှ ဦးလှဝင်းကလည်းကောင်း၊ ဆုဖလားကို ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ရက်မှ ဇန်နဝါရီ ၄ရက်အထိ ကျင်းပခဲ့ပြီး ကျေးရွာပေါင်းစုံပြိုင်ပွဲ၌ အသင်း ၄၀၊ အကြီးတန်းဘောလုံးပြိုင်ပွဲ၌ ၁၁သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်ရေး၊ မျိုးဆက်သစ် ဘောလုံးသမားများ ထွက်ပေါ်လာရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဒေသခံပရိသတ်များ ကွင်းလုံးပြည့် အားပေးခဲ့ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင် အကြီးတန်းပြိုင်ပွဲ ပထမဆုရ ကျောက်တလုံးကြီးအသင်းအား ဆုဖလားချီးမြှင့်စဉ်။

မြေတိုင်းသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၃၂)နှင့် တန်းမြင့်မြေတိုင်းသင်တန်း အမှတ်စဉ်(၁၅) ဖွင့်ပွဲကို တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ဇန်နဝါရီ ၆ ရက်က ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါအခမ်းအနားသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးလခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ကြေးတိုင်/မြေစာရင်း)

ရန်ကုန်တိုင်းဒေသကြီးစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)အသက်၇၅နှစ်ပြည့် အဖွဲ့ဝင်များနှင့်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဒီဇင်ဘာ၂၈ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း)ဥက္ကဋ္ဌဗိုလ်မှူးကြီး အောင်သန်းဝင်း(ငြိမ်း) ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

သန့်လျင်မြို့ ခေမာရာမ မူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပရာ ထူးချွန်ဆုရ ကျောင်းသူတစ်ဦးအား ဦးကျော်ခင်နှင့်အဖွဲ့က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၈၄)

မြစ်ကြီးနားမြို့၌ မြို့အဝင်မုခ်ဦးနှင့် ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

မြစ်ကြီးနားမြို့ မြို့အဝင်မုခ်ဦးဖွင့်ပွဲနှင့် အောင်နန်းရိပ်သာရပ်ကွက် တပင်ရွှေထီးလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီးရှိ အဆိုပါမုခ်ဦးသစ်နေရာ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက မုခ်ဦးသစ်ဆောက်လုပ်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများနှင့် အလှူရှင်တို့က မုခ်ဦးသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ထို့နောက် တိုင်းမှူးက မြို့အဝင်မုခ်ဦးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာရပ်ကွက်၌ ကျင်းပသည့် ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းသစ်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးစောင့်ရှောက်မှု ဒီပလိုမာသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၇

CITY & GUILDS က ချီးမြှင့်သော HEALTH CARE DIPLOMA(UK) ကို မြန်မာနိုင်ငံ၌ သင်ယူနိုင်ပြီဖြစ်သည်။

(IVQ) International Vocational Qualification ဖြစ်သည့် (1) Health Care Diploma နှင့် (2) Specialist Health Care Diploma ကို ပြည်တွင်းတွင် ကုန်ကျစရိတ်အသက်သာဆုံးဖြင့် သင်ယူနိုင်မည်ဖြစ်သည်။ Health Care Diploma သင်တန်းကာလမှာ ခြောက်လကြာမည်ဖြစ်သည်။ UK နိုင်ငံရှိ City & Guilds International ၏ သင်ရိုးညွှန်းတမ်းများအတိုင်း စာတွေ့၊ လက်တွေ့ ဟန်ချက်ညီညီဖြင့် ဝါရင့်အတွေ့အကြုံရှိ ဆရာ ဆရာမများက သင်ကြားပေးမည်ဖြစ်သည်။

ဘာသာရပ်လေးခုကို ဖြေဆိုရမည်ဖြစ်ပြီး ဇွန်လနှင့် ဒီဇင်ဘာလတို့တွင် ဖြေဆိုရမည်ဖြစ်သည်။ အဆိုပါ ဒီပလိုမာကို ဆေးပညာရှင်များ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ၊ ဆေးပညာရပ် သင်ကြားထားသူများ တက်ရောက်နိုင်သည်။ Diploma ကို UK မှ တိုက်ရိုက်ပေးအပ်သည်။ စင်ကာပူနိုင်ငံတွင် S pass လျှောက်ထားရာ၌ လွယ်ကူမှုရှိပြီး ဂျပန်နိုင်ငံ ဘိုးဘွားရိပ်သာများတွင်လည်း အလုပ်ရရှိနိုင်သည်။

ယင်းသင်တန်းသို့ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ၊ GCE 'O' Level အောင်မြင်ပြီးသူများ၊ သူနာပြုအကူအောင်မြင်ပြီးသူများ၊ ဆေးဝါးကျွမ်းကျင်အောင်မြင်ပြီးသူများအနေဖြင့် နောင်လုံပညာရေးစင်တာမှ ဖွင့်လှစ်သင်ကြားမည့် Health Care Basic သုံးလအခြေခံသင်တန်းကို တက်ရောက်နိုင်ပြီး သင်တန်းမှ အောင်လက်မှတ်ရရှိပါက Health Care Diploma Course ကို ဆက်လက် တက်ရောက်သင်ကြားနိုင်မည်ဖြစ်သည်။ Health Care Diploma သင်တန်းအမှတ်စဉ်(၂)ကို ဇန်နဝါရီ ၁၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အခြေခံအောင်လက်မှတ်ရ သင်တန်းကို ဇန်နဝါရီ ၂၂ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက နောင်လုံပညာရေးစင်တာ အမှတ် ၁၇၀-၁၇၆ ဗိုလ်အောင်ကျော်လမ်း MGW Tower (၇)လွှာ အခန်း(၇၀၁) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၆၅၆၂၊ဖက်စ် ၀၁-၂၄၉၃၇၆၊ e-mail- nlfec 2001@ gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝက်ဘ်ဆိုက်ရေးသားရန်အတွက် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၇

Myanmar Credent Technology ကုမ္ပဏီက ဝက်ဘ်ဆိုက်ရေးသားရန်အတွက် အင်နီမေးရှင်းနှင့် ဂရပ်ဖစ်ဒီဇိုင်း (Training on Animation and Graphic Design For Web Development) သင်တန်းကို ဇန်နဝါရီ ၁၀ရက်မှ ဖေဖော်ဝါရီ ၁၁ရက်အထိ အပတ်စဉ် တနင်္လာနှင့် သောကြာနေ့တိုင်း နှစ်ရက် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားဦးရေ ၂၀ လက်ခံမည်ဖြစ်သည်။

ဝက်ဘ်ဆိုက် ရေးဆွဲရာတွင် အရေးကြီးဆုံးဖြစ်သည့် ဝက်ဘ်ဆိုက်အပြင်အဆင်နှင့် အင်နီမေးရှင်းများကို လိုအပ်ချက်နှင့်ကိုက်ညီ၍ စနစ်တကျပြုလုပ်တတ်စေရန်ရည်ရွယ်ပြီးဖွင့်လှစ်သော သင်တန်းဖြစ်သည်။ ဝက်ဘ်ဆိုက် ဒီဇိုင်းရေးဆွဲခြင်းအပိုင်းတွင် အသုံးပြုသူအား ဆွဲဆောင်နိုင်သော ဒီဇိုင်းတစ်ခု ဖြစ်လာစေရန်အတွက် ဒီဇိုင်းသီအိုရီ၊ Design Pattern၊ Colour Scheme Typography စသော အင်္ဂါရပ်များနှင့် ညီညွတ်စေရန် စနစ်တကျ ရေးဆွဲနည်းကို Microsoft Expression Studio နှင့် တွဲဖက်ကာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ်သည်။ ဝက်ဘ်ဆိုက် အင်နီမေးရှင်းအပိုင်းတွင်မူ အင်နီမေးရှင်းပုံစံချ စဉ်းစားနည်းများ၊ အင်နီမေးရှင်း သီအိုရီများ၊ Timeline Control၊ အင်နီမေးရှင်း Type လှုပ်ရှားမှုနှင့် အသံချိန်ညှိပုံများကို Adobe Software Tool ကို အသုံးပြု၍ လက်တွေ့လေ့ကျင့်ခန်းများ ပြုလုပ်စေပြီး သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များ၊ကျောင်းသား ကျောင်းသူများအတွက်သင်တန်းကြေးကို ၂၀ရာခိုင်နှုန်းလျှော့၍ လက်ခံမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင်(၁) အခန်း(၇) Myanmar Info-Tech ဖုန်း-၆၅၂၂၈၅နှင့် ၆၅၂၂၈၆ တို့ထံသို့ ဆက်သွယ် စုံစမ်းအပ်နှံနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝက်ရောဂါစူးစမ်းရှာဖွေရေး ညှိနှိုင်းစည်းဝေး

သံဖြူဇရပ် ဇန်နဝါရီ ၇

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ ရန်ပုံငွေအဖွဲ့ (FAO) တို့ ပူးပေါင်းဆောင်ရွက်သည့် ဝက်ရောဂါ စူးစမ်းရှာဖွေရေး လုပ်ငန်းစီမံချက်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၂ ရက်က သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ထို့နောက် မွန်ပြည်နယ် မွေး/ကု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်းသန်းရီနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာတင်ဌေးတို့က ဝက်ရောဂါ စူးစမ်းရှာဖွေရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။ အဆိုပါ စီမံချက်ကို သံဖြူဇရပ်မြို့နယ်အတွင်း ဇန်နဝါရီလမှ မတ်လအထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ပန်းခြံများ မီးအလှဆင်ထားမှု သီပေါ၌ ကွင်းဆင်းစစ်ဆေး

သီပေါ ဇန်နဝါရီ ၇

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ခန်းမ၊ ရုံး၊ ပန်းခြံများ မီးအလှဆင်ထားရှိမှုကို ဒီဇင်ဘာ ၂၆ရက်တွင် အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**



ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည့်စုံလမ်း အပိုင်း(၂) ကတ္တရာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂ရက်က လက်ထောက်အင်ဂျင်နီယာ ဦးလှမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့်ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပါရာတီတာ ဒေဗီဆင်းပတေးလ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုနှင့်ချစ်ကြည်ရင်းနှီးမှုများ အပြန်အလှန် နွေးထွေးဆက်ဆံမှုများရှိသည့်နိုင်ငံများ ဖြစ်ပါကြောင်း၊ အဆွေတော် မိမိတို့နိုင်ငံသို့လာရောက်သည့် ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေမှုကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာနိုင်ငံပြည်သူများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာမွတ် အာမက်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အီရန်အစိုးရနှင့်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် အနာဂတ်ကာလ၌ ပိုမိုကျယ်ပြန့်နက်ရှိုင်းစွာ ဖြစ်ထွန်းစေရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိုစ်နီမူဘာရက်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် လှိုက်လှဲဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာနိုင်ငံသားများသာယာဝပြောမှု ဆက်လက်ဖြစ်ထွန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဆစ်အလီဇာဒါရီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ ပါကစ္စတန်နှင့် မြန်မာနှစ်နိုင်ငံတို့သည် နီးနီးကပ်ကပ် ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးရှိကြသည့် နိုင်ငံများဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆာဒ် ယူဆက်ဖ်ရာဇာဂီလာနီထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပေါ်တူဂီသမ္မတနိုင်ငံ

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပေါ်တူဂီ သမ္မတနိုင်ငံ သမ္မတ H.E.Mr. Anlbal Cavaco Sllva ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံ ပြည်သူများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

လစ်ဗျားနိုင်ငံ

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လစ်ဗျားနိုင်ငံအကြီးအကဲ ဗိုလ်မှူးကြီး မူအာမား အယ်ကဒါဖီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ လစ်ဗျားနိုင်ငံအစိုးရနှင့်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ လစ်ဗျားနိုင်ငံခြားရေးဝန်ကြီး မစ္စတာမူဆာအိုင်ကူဆာထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ခရိုအေးရှားသမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ H.E.Prof. Dr Lvo Jospovic ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

နီပေါနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ နီပေါနိုင်ငံသမ္မတ ဒေါက်တာ ရမ်ဘာရမ်ရ်ယာဒါ့ဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာပြည်သူများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာမာဒက်ဗ်ကူးမားထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက်နာရှစ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ အဆွေတော်ထံသို့ မော်လ်ဒိုက်ဗ်အစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ ပြည်သူများ ဆက်လက်သာယာဝပြောစေရန်အတွက်လည်းကောင်း ဆုမွန်ကောင်းများ တောင်းပါကြောင်း ဖော်ပြပါရှိသည်။ ။

ဘက်စုံသုံး SANYO Solar မီးအိမ်အကြောင်း ရှင်းလင်းပြသ

ရန်ကုန် ဇန်နဝါရီ ၇

OK Myanmar Co.,Ltd. က ပြည်တွင်းစာနယ်ဇင်းနှင့် Electronic အရောင်းဆိုင်များမှ တာဝန်ရှိသူများအား ကုမ္ပဏီမှ မကြာမီ တင်သွင်းဖြန့်ဖြူးတော့မည့် SANYO အမှတ်တံဆိပ် ဘက်စုံသုံးဆိုလာမီးအိမ်များ၏ အရည်အသွေးနှင့် အာမခံချက်များကို အမှတ် (၉-ဂျီ) MGW Tower ၊ ဗိုလ်အောင်ကျော်လမ်းရှိ SANYO အရောင်းပြခန်း၌ ဒီဇင်ဘာ ၂၃ရက် မွန်းလွဲပိုင်းက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါ SANYO ဆိုလာမီးအိမ်များသည် အလွယ်တကူ သယ်ဆောင်အသုံးပြုနိုင်သည့် အရွယ်အစားဖြစ်ပြီး LED မီးအိမ်နှင့် နေရောင်ခြည်ဖြင့် ဘက်ထရီအား ပြန်သွင်းနိုင်သည့် ဆိုလာပြားအချပ်ပါရှိသည်။ မီးအိမ်၏ ကိုယ်ထည်အား IP-45 ရေစိုခံဖိုင်ဘာဖြင့် ပြုလုပ်ထားပြီး နာရီပေါင်းသုံးသောင်း အသုံးပြုနိုင်သည့် LED မီးအိမ် ၂၂လုံး တပ်ဆင်ထားသည်။ LED မီးအိမ်တွင် Solar စနစ်သုံး 6-V ဘက်ထရီ တပ်ဆင်ထားပြီး ဘက်ထရီအားပြည့်ပါက အလိုအလျောက် ဖြတ်တောက်ပေးသည့်စနစ် ပါရှိသည်။

ဆိုလာပြား၏ အရွယ်အစားမှာ တစ်ပေပတ်လည် အရွယ်အစားရှိပြီး (3)Watt အားရှိသည်။ မီးအိမ်နှင့် ဆိုလာပြားဆက်သွယ်သည့် ကြိုးမှာ ၃၃ပေရှိ၍ ဆိုလာပြားကို နေရောင်ခြည်တွင်ထားရှိ၍ အားသွင်းစဉ် မီးအိမ်အားအိမ်ထဲ(သို့) အရိပ်အောက်တွင် ထားရှိနိုင်သဖြင့် မီးအိမ်သုံးစွဲနိုင်မှု သက်တမ်းပိုမိုကြာမြင့်သည်။ ဘက်ထရီအားဖြည့်ရန်အတွက် နေရောင်ခြည်တွင် ၁၂နာရီခန့် ထားရှိအားသွင်းရန် လိုအပ်သည်။ မီးအိမ်တွင် Low နှင့် High ခလုတ်နှစ်ခုပါရှိပြီး Low အဆင့်ဖြင့် အသုံးပြုပါက ၅၂နာရီ သုံးနိုင်သည်။ High အဆင့်တွင် အသုံးပြုပါက ၂၆နာရီ အသုံးပြုနိုင်သည်။ ဆိုလာ မီးအိမ်များ၏ အရည်အသွေးကောင်းမွန်မှု၊ ကြာရှည်အသုံးခံမှုသည် မီးအိမ်တွင်ပါရှိသည့် ဘက်ထရီအပေါ်မူတည်နေပြီး ယခုမီးအိမ်တွင် တပ်ဆင်ထားသည့် SANYO ဘက်ထရီများမှာ ဆိုလာစနစ်အတွက် သီးသန့်ထုတ်လုပ်ထားခြင်းဖြစ်ကာ တစ်နှစ်အာမခံပေးထားသည်။ အာမခံသက်တမ်းကျော်လွန်ပြီးနောက် ဘက်ထရီလဲလှယ်လိုပါကလည်း အလွယ်တကူဝယ်ယူအစားထိုးလဲလှယ်နိုင်ကြောင်းသိရှိရသည်။

SANYO ဆိုလာမီးအိမ်များတွင် USB ပေါက်ပါဝင်သည့်အတွက်မီးအိမ်ဘက်ထရီမှတစ်ဆင့် လက်ကိုင်ဖုန်း၊ ဒစ်ဂျစ်တယ်ကင်မရာ၊ MP3၊ MP4 စက်များသို့ အလွယ်တကူ အားသွင်းနိုင်သည်။ SANYO ဆိုလာမီးအိမ်များသည် အလင်းအားကောင်းမွန်သည့် LED မီးလုံးများတပ်ဆင်ထားသဖြင့် ညအချိန်စာကြည့်ခြင်း၊ စာရေးခြင်းများ ကောင်းစွာလုပ်ဆောင်နိုင်သည်။ ရေစိုခံ၊ အကြမ်းခံပြီး အရေးပေါ်အသေးစား အီလက်ထရွန်နစ်ပစ္စည်းများကို ဘက်ထရီပြန်ဖြည့်နိုင်သဖြင့် တပ်မတော်သားများ၊ ခရီးဝေးအမြဲတစေသွားလာနေသူများ၊ တောတောင်ဒေသများ၊ ပင်လယ်ဒေသများတွင် နေထိုင်လုပ်ကိုင်နေသူများ သုံးစွဲရန် အထူးသင့်လျော်ကြောင်း၊



အဆိုပါမီးအိမ်များကို လက်လီရောင်းဈေး တစ်စုံလျှင် ခြောက်သောင်းကျပ်ဖြင့် ဖြန့်ဖြူးရောင်းချမည်ဖြစ်ပြီး အဖွဲ့အစည်းများ၊ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများအတွက် အရေအတွက်အများအပြား ဝယ်ယူပါက အထူးဈေးနှုန်းဖြင့်ရောင်းချပေးမည်ဖြစ်ကြောင်း၊ အသေးစိတ်

ဘက်စုံသုံး ဆိုလာမီးအိမ်

သိရှိလိုပါက ကုမ္ပဏီ SANYO Showroom ဖုန်း-၀၁-၂၅၆၅၀၁မှ ၀၆နှင့် ၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၃၉၂၉၉၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ကွဲရှင်းတံတား အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❒ ရွှေဖိုးမှ

ထို့နောက် မိုင်တိုင်အမှတ်(၃/၀)မှ (၅/၀)အထိ တက်သစ်ဝေကုမ္ပဏီက ကျောက်ခင်းနေမှု၊ မိုင်တိုင်အမှတ် (၅/၇)နှင့် (၆/၀)ကြား Ruby Group Construction Co., Ltd. က ၁၂ပေ နှစ်လုံးတွဲ Box Culvert တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၇/၄)နှင့် (၇/၅)ကြား ပန်းသီကုမ္ပဏီက Box Culvert တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၉/၄)နှင့် (၉/၅)ကြားတွင် ငလိုက်ချောင်းတံတား တည်ဆောက်နေမှုနှင့် မိုင်တိုင်အမှတ် (၁၁/၆)တွင် တံတားအထူးအဖွဲ့(၉)က ထန်းတပင်ချောင်းအား ပေ ၂၀ သုံးခန်းတွဲ Box Culvert တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တံတားများ၊ Box Culvert များ တည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းအတိုင်း စနစ်တကျဆောင်ရွက်ရန်နှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် တာဝန်ခံအင်ဂျင်နီယာများကိုယ်တိုင် လုပ်ငန်းခွင်အတွင်း အနီးကပ် ကြီးကြပ်ကွပ်ကဲပြီး နေ့ညလုပ်ငန်းများ ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ဆက်လက်၍ လမ်းတစ်လျှောက်လူအင်အား၊ စက်ယန္တရားများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၂၇/၃)နှင့် (၂၇/၄)ကြားတွင် စွမ်းအားပြည့်ကုမ္ပဏီက ကတ္တရာဖျန်းယာဉ်ဖြင့် ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၂၈/၀)ရှိ ရွှေပန်းကုန်းလမ်းစခန်း ရှင်းလင်းဆောင်တွင် ဝန်ကြီးအား နေပြည်တော်-တောင်ညို - မြို့သစ် - ကန်ပြား (မကွေး)လမ်းအား အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် အင်ဂျင်နီယာချုပ် ဦးဝင်းဖေက နေပြည်တော်မှ ကန်ပြား(မကွေး) အထိ ၁၀၇မိုင် ၂ဖာလုံ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နေပြည်တော် - တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းအား သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးအောင် လူအင်အား၊ စက်ယန္တရားအင်အားအပြည့်ဖြင့် နေ့ညအဆိုင်းများခွဲ၍ ဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မိုင်တိုင်အမှတ် (၇၁/၀)နှင့် (၇၁/၁)အကြားတွင် ကင်းကုမ္ပဏီမှ ရေကျော် တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၆၈/၂)နှင့် (၆၈/၃)ကြားတွင် မင်းဘူးခရိုင်က ရေကျော် တည်ဆောက်နေမှုနှင့် မိုင်တိုင်အမှတ် (၆၈/၅)နှင့် (၆၈/၆)ကြားတွင် ကတ္တရာလောင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလေးထားဆောင်ရွက်

ထို့နောက် တံတားအထူးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်နေသည့် ယင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားကြီးအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြား၍ ညပိုင်းတွင် တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားရက်မများ ကြိုတင်သွန်းလောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင်အမှတ် (၄၀/၀)ရှိ ရန်ကုန် ကရောင်းကုမ္ပဏီ၏ လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော် - တောင်ညို - မြို့သစ်-ကန်ပြား(မကွေး)ကားလမ်းသစ်သည် ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ခြောက်လမ်းမြောက် လမ်းဖြစ်ပြီး အရှည် ၁၀၇ မိုင် ၂ဖာလုံရှိကာ ကတ္တရာခင်းခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်ငါးဖွဲ့၊ လေယာဉ်ကွင်း အထူးအဖွဲ့ တစ်ဖွဲ့၊ အဆောက်အအုံ အထူးအဖွဲ့ တစ်ဖွဲ့၊ လမ်းအထူးအဖွဲ့လေးဖွဲ့နှင့် ကုမ္ပဏီ ၁၁ဖွဲ့ စုစုပေါင်း ၂၂ဖွဲ့တို့ဖြင့် လူအင်အား၊ စက်ယန္တရားအင်အားတို့ကို အင်အားပြည့်အသုံးပြုကာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် နေ့ည ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လိုက်စည်ပင်သာယာ ရေပိုက်လိုင်းလဲလှယ်

မော်လိုက် ဇန်နဝါရီ ၇

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မ(၂)ရပ်ကွက် မြနန္ဒာလမ်းနှင့် ဗိုလ်ချုပ်လမ်း ရေလုံလောက်စွာ ရရှိရေးအတွက် ရေပိုက်လိုင်း လဲလှယ်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ကျော်ခိုင် ကြီးကြပ်ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၀ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးဟန်မင်းဆွေ ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ရတနာပုံနည်းပညာမြို့သစ်၌ ကျင်းပမည်

သတင်းမှတ်စု-တင်ထွေး(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၇

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် (The 9th Myanmar ICT Week)ကို ဇန်နဝါရီ ၈ရက်မှ ၁၂ရက်အထိ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်ရှိ ရတနာပုံဆိုင်ဘာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရောင်းချသွားမည်

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် ရတနာပုံဆိုင်ဘာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့များတွင် အင်တာနက်အသုံးပြုနိုင်သော McWill စနစ်များကို ပွဲတော်ကာလ ငါးရက်အတွင်း ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ကာလအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြခန်း၌ EVDO(CDMA သုံး Data စနစ်)သုံးစွဲလိုသည့် လက်ရှိ CDMA 800 MHz တယ်လီဖုန်း သုံးစွဲသူများအား One- Stop Service ဖြင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ Mobile Applications Software များ၊ Web Hosting နှင့် .mm Domain Name များကို အထူးဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်သည်။ ပြည်တွင်းပြည်ပ ကုမ္ပဏီများက ခေတ်မီအဆင့်မြင့် အိုင်တီနည်းပညာပစ္စည်းများ၊ ရတနာပုံနည်းပညာမြို့သစ်၌ ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများ၏ စက်ရုံများမှ ထုတ်လုပ်သည့် အီလက်ထရွန်နစ် ပစ္စည်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထည့်သွင်း

ထို့အပြင် ပြည်တွင်းပြည်ပကုမ္ပဏီများ၏ နည်းပညာပြခန်းများနှင့်အတူ အိုင်စီတီဆိုင်ရာပြပွဲများ၊ IT Live Show, Products Show, Gadget Show, Show Biz Extra, Latest IT News, Latest Technology, ICT ပညာရပ်ဆိုင်ရာ Seminar နှင့် Workshop များကိုလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကာတာ၌ အာရှဖလားဘောလုံးပွဲ စတင်

မောင်မောင်မြင့်ဆွေ ရေးသားသည်

ဒိုဟာ ဇန်နဝါရီ ၇

အာရှဘောလုံးအဖွဲ့ချုပ်၏ ၂၀၁၁ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲကို ကာတာနိုင်ငံတွင် ဇန်နဝါရီ ၇ရက်မှ ၂၉ရက်အထိ စတင်ကျင်းပနေပြီဖြစ်သည်။

တတိယနေရာလုပွဲ

အာရှနိုင်ငံများမှ ခြေစစ်ပွဲအောင် ဘောလုံးအသင်း ၁၆သင်း ပါဝင် ယှဉ်ပြိုင်လျက်ရှိကြပြီး အဓိကဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲများကို ကာတာနိုင်ငံ ဒိုဟာမြို့၏ အဓိကအားကစားကွင်းကြီးဖြစ်သော ခါလီဖာအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ခါလီဖာအားကစားကွင်းသည် ပရိသတ် ၅၀၀၀၀ ကြည့်ရှုနိုင်အောင် ကျယ်ဝန်းသည်။

ကာတာနိုင်ငံအနေဖြင့် ၂၀၁၁ခုနှစ် အာရှဖလား ဘောလုံးပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် အိန္ဒိယ၊ အီရန်နိုင်ငံတို့နှင့် ယှဉ်ပြိုင်ခဲ့ရသည်။ ဆန္ဒမဲအရ ကာတာက ခြောက်မဲ၊ အီရန်က သုံးမဲနှင့် အိန္ဒိယက တစ်မဲ ရရှိခဲ့သဖြင့် ကာတာနိုင်ငံက အိမ်ရှင်ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

အာရှဖလား ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲများကစားမည့် ကာတာနိုင်ငံ ဒိုဟာမြို့၏ အဓိက အားကစားကွင်းကြီးဖြစ်သော ခါလီဖာအားကစားကွင်းကို မြင်တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာရှဖလား ဘောလုံးပွဲစဉ်များကို ဒိုဟာမြို့ရှိ ကာတာအက်ဖ်စီ၊ ဂျက်ဆင်ဘင်၊ ဟာမက်ခါလီဖာ၊ ဂါရာဖာအားကစားကွင်းများနှင့် အယ်ယာယန်မြို့ရှိ အာမက်ဘင်အလီ အားကစားရုံတို့၌ ကျင်းပသွားမည် ဖြစ်သည်။

အုပ်စု လေးစုခွဲပြီး ယှဉ်ပြိုင်ကြမည်ဖြစ်ရာ **အုပ်စု(က)**၌ တရုတ်၊ ကူဝိတ်၊ ကာတာ၊ ဥဇဘက်၊ **အုပ်စု(ခ)**၌ ဂျပန်၊ ဂျော်ဒန်၊ ဆော်ဒီနှင့် ဆီးရီးယား၊ **အုပ်စု(ဂ)**၌ ဩစတြေးလျ၊ ဘာရိန်း၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ **အုပ်စု(ဃ)**၌ အီရန်၊ အီရတ်၊ မြောက်ကိုရီးယားနှင့် ယူအေအီးတို့ ပါဝင်ကြသည်။

ဇန်နဝါရီ ၇ရက်၌ အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင် ကာတာနှင့် ဥဇဘက်ကစ္စတန်တို့ ယှဉ်ပြိုင်ရာ ဥဇဘက်က နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဇန်နဝါရီ ၈ရက် **(ယနေ့)**၌ ကူဝိတ်နှင့်တရုတ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ **အင်္ဂုဇယမင်္ဂလာ** ယဉ်ဝေယံထွန်း၊ (တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ အကပြိုင်ပွဲ
- ၈:၁၅ ၈။ တေးဂီတအစီအစဉ်
- ၈:၂၅ ၉။ **တက္ကစီမီတာသင်လိုရာ**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ Local Talent

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၅။ Yan Can Cook
- ၁၃:၀၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၅)
- ၁၃:၅၅ ၇။ **မဟော်သဓာ** (အပိုင်း-၁၄) (ဇာတ်သိမ်းပိုင်း) အားသစ်၊ ဇေလုဝ၊ ရော၊ ငှက်ပျောကြော်၊ ရှက်တယ်၊ ဇင်မျိုး၊ ပပစိုးကြည်၊ ဝွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
- ၁၄:၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၃၅ ၉။ သက်တံရောင်သံစဉ်
- ၁၄:၅၀ ၁၀။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ တေးဂီတအစီအစဉ်
- ၅:၁၀ ၇။ International Science News
- ၅:၂၅ ၈။ **ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ**
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆:၃၅ ၁၂။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၂)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (အပိုင်း-၈၉)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝမိုးတိမ်** (အပိုင်း-၂၅)
- ၁၉။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၂၀။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၈-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အဖွင့်သီချင်း
၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၁၉)
၁၂း၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **မာနလှိုင်း** ဟိန်းဝေယံ၊ ထွန်းအိန္ဒြာဗို၊ မိုးယောကို (ဒါရိုက်တာ- မိုးကြိုး)
၁၃း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၃၀)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၇။ ကုန်သွယ်သုတ
၄း၃၅ ၈။ မျိုးချစ်တပ်မတော်
၄း၄၅ ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၅ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ **စားဖိုဆောင်ချစ်သူ**
၆း၅၀ ၁၅။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန် (အပိုင်း ၂၅)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လျှပ်တစ်ပြက်
၂၂။ လူရွှင်တော်စတား
၂၃။ အင်္ဂလိပ်စာသုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းသမားခုနစ်ဖော် (အပိုင်း ၃၃)**
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၁၇)

အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက်

(၉-၁-၂၀၁၁)ရက်နေ့ နှင့် (၃၀-၁-၂၀၁၁)ရက်နေ့

ပန်းတနော်မြို့ အလယ်ပိုင်း ရပ်ကွက် ပန်းရွှေဝါပန်းခြံ (လွတ်လပ်ရေးကျောက်တိုင်ကွင်း) ၌ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမြဦး ဖတ်ကြားစဉ်။
(မြို့နယ် စာပေနှင့်စာနယ်ဇင်း)

အောက်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဇန်နဝါရီ ၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

အင်ဂျင်နီယာအသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ၊ အာဆီယံ အင်ဂျင်နီယာဆိုင်ရာ AFEO Honorary Fellowship/AER ဘွဲ့တံဆိပ်များ ပေးအပ်ပွဲ၊ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၈နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၉ရက် နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံတွင် ဗဟိုကော်မတီအသစ် ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်မည်ဖြစ်သည်။ ဆန္ဒမဲထုတ်ယူရန်အတွက် အသင်းဝင်ကတ်(၂၀၁၀ ခုနှစ်အထိ နှစ်စဉ်ကြေးပေးသွင်းပြီး)ကို တစ်ပါတည်းယူဆောင်လာရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန် ဇန်နဝါရီ ၇၊၈၊၉ရက်များတွင် အသင်းရုံး၌ ပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၁၉၆၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ၂၀၁၀

မျိုးအောင်ဆွေ(ဆေးသု)

ကျန်းမာရေးဝန်ကြီးဌာနသည် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသော ရည်မှန်းချက် (၂)ရပ်၊ ကျေးလက်ဒေသအောက်ခြေထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်းဟူသည့် နည်းနာ(၃)ရပ်တို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်၌ ဦးစီးဌာန ခုနစ်ခု ဖွဲ့စည်းထားရှိပါသည်။ ယင်းဦးစီးဌာန ခုနစ်ခုအနက် သုံးခုသောဦးစီးဌာနများမှာ ဆေးသုတေသနဦးစီးဌာနများဖြစ်ကြကာ (၁)ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ (၂)ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၊ (၃)ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)တို့ ဖြစ်ကြပါသည်။ ဤသည်ပင်လျှင် နိုင်ငံတော်သည် သုတေသန၏အရေးပါမှုကို ဂရုပြုအလေးထားကြောင်း ထင်ရှားသောပြယုဂ် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဆေးပညာသုတေသနကို အလေးထားဆောင်ရွက်ခဲ့ရာ၌ သမိုင်းကြောင်းအရကြည့်လျှင် ရန်ကုန်တက္ကသိုလ်ရှိ ဆေးပညာသိပ္ပံမှ ဆရာများစုစည်းကာ မြန်မာနိုင်ငံ ဆေးသုတေသနအသင်း (Burma Medical Research Society) ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။ ထို့နောက် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် တော်လှန်ရေးကောင်စီ ဥပဒေ အမှတ်(၃၇)ဖြင့် မြန်မာနိုင်ငံ ဆေးသုတေသနကောင်စီအက်ဥပဒေကို ပြဋ္ဌာန်းကာ မြန်မာနိုင်ငံ ဆေးသုတေသနဌာန (Burma Medical Research Institute)ကို ၁၉၆၃ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်၍ ဆေးသုတေသနလုပ်ငန်းရပ်များကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ဆက်လက်၍ တော်လှန်ရေးကောင်စီသည် အဖွဲ့ဝင်ခုနစ်ဦး ပါဝင်သော သုတေသနမူဝါဒညွှန်ကြားရေးအဖွဲ့ကို ၁၉၆၆ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ခြင်းဖြင့် သုတေသနကို မူဝါဒလမ်းစဉ်နှင့်အညီ ပီပြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ဤအဖွဲ့၏ လက်အောက်တွင် အဖွဲ့ဝင် ၃၅ ဦးပါဝင်သော သုတေသနလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် ညှိနှိုင်းရေးကော်မတီကို ထပ်မံဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ သုတေသနမူဝါဒညွှန်ကြားရေးအဖွဲ့၏ အောက်တွင် သုတေသနအဖွဲ့ ၁၁ ဖွဲ့ပါဝင်ရာ၌ ဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့လည်းပါရှိပါသည်။ ဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့၏ဥက္ကဋ္ဌမှာ ကျန်းမာရေးဌာနခွဲ ညွှန်ကြားရေးဝန် ဦးဖေကျင်ဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဒေါက်တာမြတူ၊ ညွှန်ကြားရေးဝန် မြန်မာနိုင်ငံဆေးသုတေသနဌာနကဆောင်ရွက်ကာ အဖွဲ့ဝင် ၁၅ ဦး ပါဝင်ပါသည်။

မြန်မာနိုင်ငံ ဆေးသုတေသနဌာန ဖွင့်လှစ်အပြီး နှစ်နှစ်နီးပါးခန့်အတွင်း ဆေးသုတေသနလုပ်ငန်းများကို အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ခဲ့ကြကာ ရရှိလာသော သုတေသနတွေ့ရှိချက်များကို စာတမ်းပြုစုခဲ့ကြပြီးလျှင် သုတေသနညီလာခံကို ၂၁-၂-၁၉၆၅ရက်နေ့တွင် ကျင်းပ၍ ဖတ်ကြားတင်ပြ ခဲ့ကြပါသည်။ အဆိုပါ သုတေသနညီလာခံတွင် စာတမ်းပေါင်း ၁၂စောင်ကို တင်ပြဖတ်ကြားကြပြီး တက်ရောက်လာကြသော သုတေသီများ၊ ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

သုတေသနလုပ်ငန်းမှ ရရှိသည့်ရလဒ်များအား ကုန်ချောထုတ်လုပ်ရန် သတ်မှတ်ပါလျှင် ယင်းကုန်ချောရရှိရန်အတွက် ကုန်ကြမ်းပစ္စည်းများနှင့် စတင်၍ ထုတ်လုပ်မှုအဆင့်ဆင့်ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းတို့မှာ ဓာတ်ခွဲခန်းအဆင့် သုတေသနဆောင်ရွက်ခြင်း (Laboratory-scale Research)၊ အသေးစားထုတ်လုပ်ခြင်း(Small-scale Production)၊ အရှိန်မြှင့်ထုတ်လုပ်ခြင်း (Scale up Production)နှင့် အမြောက်အမြားထုတ်လုပ်ခြင်း (Mass Production) or (Commercial-scale Production)အဆင့်ဆင့်တို့ ဖြစ်ကြပါသည်။ ဥပမာ အသည်းရောင်အသားဝါ 'ဘီ'ပိုးကာကွယ်ဆေး ထုတ်လုပ်ရန် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် ကြိုးစားခဲ့ရာ၌ ကနဦး ဓာတ်ခွဲခန်းဆိုင်ရာသုတေသနများပြုလုပ်ခြင်း၊ ဓာတ်ခွဲခန်းတိရစ္ဆာန်များဖြင့် စမ်းသပ်ခြင်းတို့ ပြုလုပ်ပြီးနောက် အသေးစားထုတ်လုပ်ခြင်း၊ အရှိန်မြှင့်ထုတ်လုပ်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် အသည်းရောင်အသားဝါ 'ဘီ' ကာကွယ်ဆေးစက်ရုံကို (Commercial Scale Production) တည်ဆောက်နိုင်ခဲ့၍ အသည်းရောင်အသားဝါ 'ဘီ'ပိုး ကာကွယ်ဆေးပုလင်းသွင်းရန်အတွက် ကလေးထိုးဆေးလုံးရေ ၁ ဒသမ ၆သန်းစာ သန့်စင်ကာကွယ်ဆေးအရည် (Purified HbsAg) ကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ကာကွယ်ဆေးအရည်များနှင့်အတူ ကျွမ်းကျင်သူ ၇၇ ဦးကို အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ စနစ်တကျ လွှဲအပ်ခဲ့ပါသည်။

သုတေသနဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ သဘာဝတရားနှင့် ဖြစ်ရပ်ဖြစ်စဉ်လုပ်ငန်းများ လိုက်နာဂရုပြုခြင်း၊ ရှုမြင်သုံးသပ်ခြင်း၊ မှတ်တမ်းပြုခြင်း၊ လေ့လာဆည်းပူးခြင်း အစရှိသည်တို့ဖြင့် တွေ့ရှိချက်များအား စက်ပစ္စည်းကိရိယာများ၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် နည်းစဉ်အသစ်များတွင် အသုံးချခြင်း သို့မဟုတ် လက်ရှိ တည်ဆဲအရာများထက် ပိုမို၍ကောင်းမွန်စေရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည့် ပညာရှင်များရှိသကဲ့သို့ ရှုပ်ထွေးခြင်း၊ နက်နဲခက်ခဲခြင်းနှင့် လက်တွေ့အသုံးတည့်အကျိုးရှိစေရန် အသုံးပြုနိုင်သော၊ ဖြေရှင်းနိုင်မှုမရှိသေးသော ဖြစ်ရပ်ဖြစ်စဉ်လုပ်ငန်းများအား ဖြေရှင်းရန်အတွက် ဉာဏ်ပညာရှိသော လူသားများ၏ အသိဉာဏ်ပညာများဖြင့် စနစ်တကျ မှန်မှန်ကန်ကန် လုပ်ဆောင်မှုသည်ပင်လျှင် သုတေသနဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည့် ပညာရှင်များလည်း ရှိကြပါသည်။

သုတေသနလုပ်ငန်းစဉ်တစ်ခုကို ယခုရေတွင်းတူး ယခု ရေကြည်သောက်၍ မရနိုင်ဘဲ လုပ်အား၊ အချိန်၊ ငွေကြေးများစွာ အကုန်အကျခံ၍ လုပ်ဆောင်ရတတ်ပါသည်။ ဥပမာ-လူသားအကျိုးပြု ဆေးဝါးတစ်ခု ဖြစ်လာရေး သုတေသနပြုရာတွင် သုတေသီပညာရှင်များက အချိန်ကာလ ၅ နှစ်မှ ၁၀နှစ်ခန့် အချိန်ယူကာ သုတေသနအဆင့်ဆင့်ကို စနစ်တကျ မှန်မှန်ကန်ကန် ပြုလုပ်ကြရပါသည်။ သို့အတွက် **စိတ်ရှည်ဖွဲ့သန် လုံ့လဉာဏ်ဆ ပြုရန်သုတေသန** ဟူ၍ ဆိုရပေမည်။

မိမိတို့နိုင်ငံသည် မြေပေါ်မြေအောက် သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်ကာ အသိဉာဏ်ပညာရှိ၍ နည်းပညာကြွယ်ဝသော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပိုင်ဆိုင်မှုရှိလျှင် ကမ္ဘာမှာ မြန်မာဟော့ဟု ဟစ်ကြွေးနိုင်မည့်အဆင့်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုကာ နိုင်ငံပိုင် ဘိလပ်မြေစက်ရုံများတည်ဆောက်၍ လမ်းများနှင့် တိုက်တာအဆောက်အအုံများ ခေတ်မီစွာတည်ဆောက်နိုင်ပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံတကာမှ တင်သွင်းသော ဆေးဝါးများကို အစားထိုးနိုင်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်ပံ့ပိုးမှု၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ သုတေသီများ၊ ပညာရှင်များ၏ စိတ်အားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ပြည်တွင်း၌ ပေါများကြွယ်ဝစွာ ရရှိနိုင်သည့် ဆေးဝါးကုန်ကြမ်းများကို သုတေသန အဆင့်ဆင့်ပြုလုပ်ခဲ့ပါသည်။ ပြည်တွင်း၌ ဆေးဝါးအာနိသင်ပြည့်ဝသည့် ပြည်တွင်းဖြစ်တိုင်းရင်းဆေးဝါး ထုတ်လုပ်နိုင်စေမည့် ဆေးပင်များမှ (ဥပမာ-ဆီးချိုသွေးချိုရောဂါအတွက် ကြက်ဟင်းခါးသီး၊ သွားရေစီးကမ်းပြိုရောဂါအတွက် ပုဏ္ဏရိက်၊ အမီးဘား ဝမ်းကိုက်ရောဂါအတွက် ရာတန်စေ့၊ သွေးတိုးရောဂါအတွက် အကြောပေါင်းတစ်ထောင်၊ ဝမ်းသက်စေရန်အတွက် ပွေးမဲဇလီ) တိုင်းရင်းဆေးဝါးထုတ်လုပ်နိုင်မှု နည်းပညာ အဆင့်အဆင့်များ၊ သောက်သုံးရမည့် ဆေးချိန်ဆေးညွှန်းများကိုလည်းကောင်း၊ အသည်းရောင်အသားဝါ 'ဘီ'ပိုး ကာကွယ်ဆေး ထုတ်လုပ်သည့် စက်ရုံကိုလည်းကောင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့သို့ စနစ်တကျလွှဲပြောင်းပေးအပ်မှုများ အသီးသီးရှိခဲ့ကာ မှတ်တမ်းတင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဤကဲ့သို့သော အောင်မြင်မှုရှိသည့် သုတေသနရလဒ်ကောင်းများ ဆတက်ထမ်းပိုးပေါ်ပေါက်လာစေရေးကို ရည်သန်ကာ ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများတွင် တင်သွင်းဖတ်ကြားတင်ပြခဲ့သော သုတေသန စာတမ်းများ၊ သုတေသနပိုစတာများအနက် အကောင်းဆုံး အခြေခံသုတေသန စာတမ်းဆု၊ အကောင်းဆုံး အသုံးချသုတေသနစာတမ်းဆု၊ အကောင်းဆုံး ကျန်းမာရေးစနစ် သုတေသနစာတမ်းဆုနှင့် အကောင်းဆုံး သုတေသန ပိုစတာဆုအသီးသီးကို ၁၉၉၃ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၏ လုပ်ငန်းကော်မတီအပါအဝင် ဆပ်ကော်မတီ ရှစ်ခုတွင် တစ်ခုအပါအဝင်ဖြစ်သော အကောင်းဆုံး စာတမ်းဆု ရွေးချယ်ရေးဆပ်ကော်မတီက သမာသမတ်ကျကျ ရွေးချယ်ကာ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးမှုလည်း အပါအဝင် ဖြစ်ပါသည်။

ယခုနောက်ပိုင်းကာလတွင် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပခြင်းနှင့်အတူ ညီလာခံကျင်းပသည့်ရက်များကို Technical Week အဖြစ် သတ်မှတ်၍ ကျန်းမာရေးဆိုင်ရာ၊ ဆေးသိပ္ပံဆိုင်ရာ ပြည်တွင်းပြည်ပမှ သုတေသီများ၊ ပညာရှင်များက ဆွေးနွေးညှိနှိုင်းပွဲ (Symposium)များ ပြုလုပ်ကာ ဟောပြောတင်ပြ ဆွေးနွေးပွဲများကျင်းပခဲ့သကဲ့သို့ ဆေးကုမ္ပဏီအသီးသီးကလည်း မိမိတို့ တင်သွင်းထုတ်လုပ်ဖြန့်ချိသော ဆေးဝါးများ၊ သုတေသနသုံး စက်ပစ္စည်းကိရိယာများ၊ အထောက်အကူပြု စက်ပစ္စည်းကိရိယာများ အစရှိသည်တို့ကို ညီလာခံကျင်းပသည့်ရက်များအတွင်း ပြခန်းများ ဖွင့်လှစ်ပြသခြင်းဖြင့် သုတေသီပညာရှင်များ ဗဟုသုတတိုးပွားကာ အသိဉာဏ်ပညာပွင့်လန်းလာစေပါသည်။

ဤကဲ့သို့သော မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်မှန်ကန်စနစ်ကျသည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းနိုင်သော သုတေသနပြုလုပ်ချက်များကို သုတေသနစာတမ်းများ၊ သုတေသနပိုစတာများအဖြစ် တင်ပြဖတ်ကြားမည့် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅) ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် မကြာမီရက်အတွင်း ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ၂၀၁၀ ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

✳ *ရှေ့ဖုံးမှ*

စာရေးသူတို့ သူဌေးကုန်းကျေးရွာသို့ ရောက်ရှိသွားချိန်ကား နံနက် ၁၀နာရီ ရှိချေပြီ။ သူဌေးကုန်းကျေးရွာ၏ ရန်ကုန်-မန္တလေးကားလမ်းမကြီး ဝဲယာတွင် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်လာဥလှည်းများ၊ ကုန်စိမ်းတင်မော်တော်ကားကြီးများကို တွေ့ရသည်။ အချို့ကုန်စိမ်းများကို ကုန်စိမ်းတင် ကားများပေါ်သို့ တင်နေကြပြီ။

သတင်းအဖွဲ့သည် အဆိုပါ ကုန်စိမ်းများ အဓိကထွက်ရှိရာ ကျေးရွာတစ်ရွာဖြစ်သည့် နွယ်ရစ်ကျေးရွာသို့ သူဌေးကုန်းကျေးရွာမှတစ်ဆင့် ခရီးဆက်ခဲ့ကြသည်။ နွယ်ရစ်မည်သောကျေးရွာသည်ကား သူဌေးကုန်းကျေးရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ ဆင်သေချောင်းတစ်ဖက်ကမ်း၌တည်ရှိသည်။ ဆင်သေရေလှောင်တမံသည်ကား နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်အတွင်း တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ဆည်တမံ

"ကျွန်တော်တို့ ဒေသကထွက်တဲ့ ဂေါ်ဖီထုပ်တွေဟာ အရွယ်အစားပိုကြီးပြီး အလေးချိန်လည်းပိုစီးပါတယ်" တောင်သူ ဦးမြင့်ဆောင်။

သုံးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ဆင်သေရေလှောင်တမံ၏ ကျေးဇူးကြောင့် ဒေသခံတောင်သူများ မိုးစပါး၊ နွေစပါးသာမက သီးထပ်သီးညှပ်များကိုပါ အောင်မြင်စွာ စိုက်ပျိုးလုပ်ကိုင်နိုင်ကြပြီ ဖြစ်သည်။

စိမ်းစိမ်းစိုစို

နွယ်ရစ်ကျေးရွာနှင့် သူဌေးကုန်းကျေးရွာကို မြမေတ္တာ အမည်ရှိ သစ်သားတံတားက ဆင်သေချောင်းပေါ်ဖြတ်၍ ပေါင်းကူးပေးထားသည်။ တံတားကို ဖြတ်ကျော်လိုက်သည်နှင့် နွယ်ရစ်ကျေးရွာကို စိမ်းစိမ်းစိုစို စိုက်ခင်းများဖြင့် ကြည်နူးဖွယ်တွေ့ရသည်။ ဤစိမ်းစိမ်းစိုစို စိုက်ခင်းများသည်ကား အခြားမဟုတ်။ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ပြောင်းဖူး၊ ဆလတ်၊ ကြက်သွန်နှင့် အာလူးစိုက်ခင်းများပင် ဖြစ်၏။

သတင်းအဖွဲ့သည် ခရီးရောက်မဆိုက် နွယ်ရစ်ကျေးရွာအဝင် ပန်းဂေါ်ဖီ(ခေါ်)ပန်းမုန်လာများ ဆွတ်ခူးရိတ်သိမ်းပြီး လှည်းပေါ်တင်နေသည့် တောင်သူဦးပုအား ပန်းဂေါ်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်းပြီး မေးမြန်းကြည့်ရာ "ပန်းဂေါ်ဖီကို တစ်နှစ်မှာ နှစ်ကြိမ်စိုက်ပါတယ်။ ယခုပေါ်နေတဲ့ ပန်းဂေါ်ဖီက တော်သလင်းလပြည့်ကျော်ကစိုက်ခဲ့တာပါ။ တန်ဆောင်မုန်းမှာစိုက်တဲ့ ပန်းဂေါ်ဖီက ပြာသိုလ လယ်လောက်မှာ ပေါ်မှာဖြစ်ပါတယ်။ တစ်ဧက အပင် ၁၈၀၀၀ စိုက်ပါတယ်။ တစ်ပွင့် အနိမ့်ဆုံးငွေကျပ် ၁၅၀ မှ ၂၀၀ ရောင်းရပါတယ်။ လက်လီဈေးမှာငွေကျပ် ၂၅၀မှ ၃၀၀ ဈေးပေါက်ပါတယ်။ တစ်ဧကစိုက်ရင် အရင်းငွေကျပ် လေးသိန်းကုန်ကျပြီး အသားတင်အမြတ် ငွေကျပ် ၁၀သိန်း ရပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်၍ နွယ်ရစ်ကျေးရွာမှ ဂေါ်ဖီထုပ် စိုက်ပျိုးထုတ်လုပ်သူ တောင်သူ ဦးမြင့်ဆောင်နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ "ကျွန်တော်တို့ ဂေါ်ဖီထုပ်ကို တန်ဆောင်မုန်း လပြည့်ကျော်မှ စစိုက်ပါတယ်။ စစိုက်ပြီး ၇၅ရက်မှာ ဆွတ်ခူးရောင်းချပါတယ်။ အကယ်၍ ဝယ်သူမလာသေးရင် ရက် ၉၀အထိ ထားနိုင်ပါတယ်။ တစ်ဧက အပင် ၁၇၀၀၀ စိုက်ပါတယ်။ အရင်းအနှီး ငွေကျပ် ငါးသိန်းကုန်ကျပြီး အမြတ် ၁၀သိန်း အထက်ရပါတယ်။ ဂေါ်ဖီထုပ်က ပန်းဂေါ်ဖီလို မဟုတ်ဘူး။ ပွဲစားတွေက အခင်းကိုလာပြီး အခင်းအလိုက် အပြတ်ဝယ်ယူကြပါတယ်" ဟု ဦးမြင့်ဆောင်က ရှင်းပြသည်။

"ဒီလိုပန်းဂေါ်ဖီအထုပ်ကြီးက အခင်းဈေး ငွေကျပ် ၂၀၀ပဲ ဈေးရှိပါတယ်" ဦးပု ပန်းဂေါ်ဖီစိုက်တောင်သူ။

မြေအောက်ရေ

ထို့နောက် တောင်သူ ဦးမြင့်ဆောင်က "ကျွန်တော်တို့ရွာမှာ ၂၀၀၅-၂၀၀၆ ခုနှစ်လောက်ကစပြီး မြေအောက်ရေကို တွင်ကျယ်စွာအသုံးချလာကြပါတယ်။ ယခုအခါမှာတော့ စိုက်ခင်းတိုင်းမှာ မြေအောက်တွင်းတွေရှိပါတယ်။ ဒီလိုမြေအောက်ရေကို ရေစုပ်စက်အင်ဂျင်နဲ့ စိုက်ခင်းသို့ ရေစုပ်တင်ပါတယ်။ စက်တန်ဖိုးကတော့ ငွေကျပ်တစ်သိန်းခွဲမှ ငွေကျပ် နှစ်သိန်းအထိ ရှိပါတယ်။ မြေအောက်ရေကို အသုံးပြုလာနိုင်တာကြောင့် ကျွန်တော်တို့နွယ်ရစ်ကျေးရွာရဲ့ စိုက်ပျိုးရေးလုပ်ငန်းဟာ တိုးတက်လာပါတယ်"ဟု ရှင်းပြသည်။

ဘရိုကိုလီခေါ် ပန်းဂေါ်ဖီစိမ်းကို နွယ်ရစ်ကျေးရွာတွင် စတင်စိုက်ပျိုးထုတ်လုပ်နေပြီဖြစ်သည်။ ဘရိုကိုလီ စိုက်တောင်သူ ဦးကြည်ရှိန်က "ကျွန်တော်တို့ နွယ်ရစ်ကျေးရွာမှာ မနှစ်ကစပြီး ဘရိုကိုလီကို စိုက်ပါတယ်။ တစ်ဧက အပင် ၁၆၀၀၀ စိုက်ပါတယ်။ မျိုးကိုတော့ ရန်ကုန်က မှာယူရတာဖြစ်ပါတယ်။ အရင်းအနှီးမှာ တစ်ဧကစိုက်ရင် ငွေကျပ်လေးသိန်းခန့်ကုန်ကျပြီး အမြတ် ၁၅သိန်း လောက်ရပါတယ်။ တစ်ပွင့် ငွေကျပ် ၂၅၀ရောင်းရပါတယ်။ တစ်ဆင့်ပြန်ရောင်းသူတွေက ငွေကျပ် ၄၀၀ လောက် ရောင်းကြပါတယ်။ ဒီပန်းဂေါ်ဖီစိမ်းက ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေမှာ အများဆုံးအသုံးပြုကြပါတယ်။ ကျန်းမာရေးအတွက်လည်း ဆေးဖက်ဝင် အပင်တစ်မျိုးပါ" ဟုရှင်းပြသည်။

"ကျွန်တော်တို့ နွယ်ရစ်ကျေးရွာမှာ အိမ်ခြေ ၆၃၀ ရှိပါတယ်။ မိုးဦးမှာ ပဲတီစိမ်းစိုက်ကြပြီး ဆောင်းမှာ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ မုန်လာဥ၊ အာလူး၊ ဆလတ်နဲ့ကြက်သွန်စိုက်ကြပါတယ်။ နွေမှာတော့ ဖရဲ စိုက်ပါတယ်။ ဂေါ်ဖီ၊ ပန်းမုန်လာကို တန်ဆောင်မုန်းမှာ စိုက်ပါတယ်။ ကြက်သွန်ကို ဒီဇင်ဘာလမှာ စိုက်ပြီး မတ်လမှာ ပေါ်ပါတယ်။ အာလူးကို နိုဝင်ဘာလမှာ စိုက်ပြီး ဖေဖော်ဝါရီလမှာပေါ်ပါတယ်။ ကျွန်တော်တို့ရွာအပြင် ကျားသေအိုင်၊ ဆည်ထိပ်၊ သူဌေးကုန်း၊ ဇရပ်ကြီးကုန်းနဲ့ ရွေးစုကျေးရွာတွေမှာလည်း သီးနှံစုံစိုက်ပျိုးကြပါတယ်။ စုစုပေါင်းဧကအားဖြင့် ၆၀၀၀ ဝန်းကျင်ရှိပါတယ်"ဟု ဦးကြည်ရှိန်က ဆက်လက်ရှင်းပြသည်။

သတင်းအဖွဲ့သည် နွယ်ရစ်ကျေးရွာမှအပြန် သူဌေးကုန်းကျေးရွာ၌ ဂေါ်ဖီနှင့် ပန်းဂေါ်ဖီများ တင်ပို့ရောင်းချနေသော ဦးရွှေသိန်းနှင့်လည်း ဈေးကွက်အခြေအနေနှင့်ပတ်သက်ပြီး စေ့ငုခဲ့ပါသေးသည်။

"ကျွန်တော်တို့ ဒီသူဌေးကုန်းကျေးရွာကနေ ဂေါ်ဖီထုပ်နှင့်ပန်းဂေါ်ဖီ အဓိကတင်ပို့ပါတယ်။ နိုဝင်ဘာလမှ ဧပြီလအထိတင်ပို့ပါတယ်။ ရန်ကုန်၊ မော်လမြိုင်၊ သထုံ၊ နေပြည်တော် အာဟာရ သုခဈေး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာအထိ တင်ပို့ရောင်းချပါတယ်။ နေ့စဉ် ဒီဒေသက ကုန်စိမ်း ငွေကျပ်သိန်း ၄၀မှ ၅၀ဖိုးအထိထွက်ရှိနေပါတယ်။ လှည်းအစီး ၅၀ မှ ၈၀အထိ ထွက်ရှိပါတယ်။ လှည်းတစ်စီးမှာ ဂေါ်ဖီပန်းပွင့် ၄၀၀ ဆံ့ပါတယ်။ ဒီက ဂေါ်ဖီပန်းပွင့် ပျမ်းမျှငွေကျပ် ၂၀၀နှုန်း၊ ဂေါ်ဖီထုပ် တစ်ထုပ် ငွေကျပ် ၁၅၀နှုန်း ဝယ်ပါတယ်။ ပြန်ရောင်းရင်တစ်ပွင့်အပေါ် ကားခနုတ်ပြီး ငွေကျပ် ၂၀လောက် မြတ်ပါတယ်။ ဒီမှာဂေါ်ဖီပန်းပွင့် ၁၀ ပွင့်ဝယ်လျှင် ရောင်းသူက တစ်ပွင့်ပိုထည့် ပေးပါတယ်။ အပွင့် ၁၀၀ကို ၁၀ပွင့်ပိုရပါတယ်။ လောလောဆယ် နေပြည်တော် အာဟာရသုခဈေးကို တင်ပို့နေပါတယ်။ ကားတစ်စီးတည်း ပန်းပွင့် ၂၀၀၀နဲ့ ဂေါ်ဖီထုပ် ၃၀၀၀ တင်ပို့မှာဖြစ်ပါတယ်"ဟု ဦးရွှေသိန်းက ရှင်းပြသည်။

ချိန်ခါမလပ်

ယခုအခါ နွယ်ရစ်ကျေးရွာအပါအဝင် အနီးဝန်းကျင် ဒေသတစ်ခွင်တွင် ဆည်တမံနှင့် မြေအောက်ရေ ရရှိရေးလုပ်ငန်းများ၏ ကျေးဇူးကြောင့် သီးနှံများကို ချိန်ခါမလပ် စိုက်ပျိုး၍ ရနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်ကို ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နေပြည်တော် တပ်ကုန်းမြို့နယ် ရန်ကုန်- မန္တလေး ကားလမ်းဘေး သူဌေးကုန်းကျေးရွာ၌ အနယ်နယ်အရပ်ရပ်သို့ပို့ဆောင်ရန် ပန်းဂေါ်ဖီများ ကားပေါ်တင်နေသည့် မြင်ကွင်း။

အာဆီယံလူငယ်တင်းနစ်ပြိုင်ပွဲကျင်းပရေးစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၇

ဇန်နဝါရီ ၂၂ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ITF 14 & Under Asian Championships 2011-Group (2) တင်းနစ်ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင်တာမွေမြို့နယ်ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး ကူညီဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက တင်းနစ်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက အာဆီယံလူငယ်တင်းနစ်ပြိုင်ပွဲတွင် လုပ်ဆောင်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူတို့က မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပါဝင်ယှဉ်ပြိုင်မည်

အဆိုပါ အာဆီယံလူငယ်တင်းနစ်ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ဘူတန်၊ မော်(လ်)ဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ လာအို၊ စင်ကာပူနှင့် West Asian ITF Team တို့မှ လူငယ်တင်းနစ် အားကစားမောင်မယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်လပ်ရေးနေ့ ဂုဏ်ပြု

စက်ရေတွင်း၊ လမ်းနှင့် တံတားများဖွင့်

အုတ်ဖိုမြို့နယ် အိုသည်ကုန်းကျေးလက်ဈေး နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နတ်မောက်မြို့နယ် ခိုင်ရွှေဝါလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကိုနှင့် အမှုဆောင်အရာရှိ ဦးဝင်းနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်ကုတ်မြို့နယ် ကူးတို့ဆိပ်ကျေးရွာနှင့် လက်ပံကျွန်းကျေးရွာ ဆက်သွယ်ထားသော မဟူရာနဒီဒေသန္တရပေါင်းကူးတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကူးတို့ဆိပ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် လက်ပံကျွန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိန်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရေနံ့ချောင်းမြို့နယ် သစ်တပွေ-ဘေးမဲ့ ရပ်ကွက်ချင်းဆက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံကျေးရွာ တစ်လက်မခွဲ စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မော်သန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံခြားရေးဝန်ကြီးဌာန မော်ကွန်းနှင့်စာကြည့်တိုက်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၇

နိုင်ငံခြားရေးဝန်ကြီးဌာန မော်ကွန်းနှင့်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန မော်ကွန်းနှင့်စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မော်ကွန်းနှင့်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

(ယာပုံ) (သတင်းစဉ်)

အင်းစိန်မြို့နယ်၌ စာဆိုတော်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၇၂ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာမူရှင်များ ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် စာဆိုတော်နေ့ အခမ်းအနားတို့ကို ဒီဇင်ဘာ ၁ရက်က ကျင်းပရာ အခမ်းအနားသို့ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်း (ညိုလွှမ်းအောင်)၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းဦး (ပြည်-စိုးမင်း)၊ စာနယ်ဇင်းဗဟိုမှ တွဲဖက်စာရင်းစစ် ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)၊ အသက်(၇၀)နှင့်အထက် သက်ကြီးစာပေပညာရှင်များ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မြင့်သောင်း (အောင်မြင့်သောင်း-ဘူမိဗေဒ) က ဖတ်ကြားသည်။ ဆက်လက်၍ အကြည်တော်နှင့် နွမ်ဂျာသိုင်းတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြို့ပြအင်ဂျင်နီယာ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

